# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 12 , 2026 Volume 98, Number 7


၁၂.၁. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၄.၁၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၁.၇၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၉.၃၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၁.၉၆ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၂၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၆.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၈၉ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄

၀၁-၃၇၆၄၁၆

၀၁-၃၇၆၄၉၀

ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## တစ်ပတ်အတွင်း သီးနှံဈေးကွက် သုံးသပ်ချက်( ၅. ၂.၂၀၂၆ မှ ၉. ၂. ၂၀၂၆)




၂၀၂၆ ခုနှစ်ရဲ့ နှစ်စကာလမှာ ပို့ကုန်ပဲတွေဖြစ်တဲ့ မတ်ပဲ ၊ ပဲစင်းငုံဈေးတွေ မြင့်တက်လာတာ တွေ့ရပါတယ်။

အိန္ဒိယနိုင်ငံမှာ ပွဲတော်ရှိတဲ့အတွက် မတ်ပဲ ၊ ပဲစင်းငုံပါ ဝယ်လိုအားကောင်းပြီး ဈေးတက်လာတာ ဖြစ်ပါတယ်။ ဒါ့ပြင် ပြည်ပတင်ပို့နေတဲ့ ပို့ကုန်ပစ္စည်းတွေရဲ့ ပို့ကုန်ရငွေအပေါ် မြန်မာကျပ်ငွေ လဲလှယ်ရတဲ့ ရာခိုင်နှုန်းကို ၂၅ ရာခိုင်နှုန်းအစား ၁၅ ရာခိုင်နှုန်းအဖြစ် ပြောင်းလဲသတ်မှတ်လိုက်တဲ့အတွက် ပို့ကုန်ပဲအမျိုးအစားတွေဖြစ်တဲ့ မြေပဲ နဲ့ နှမ်းဈေးလည်း တက်လာတယ်လို့ သိရပါတယ်။ကြက်သွန်နီလည်း ဈေးတက်လာပါတယ်။

**မတ်ပဲ**

မတ်ပဲ ကတော့ယခုတစ်ပတ်မှာတစ်တန်ကို ၄၀,၀၀၀ မှ ၆၀,၀၀၀ အတွင်း ဈေးတက်လာတာ ဖြစ်ပါတယ်။ ပြည်တွင်းမတ်ပဲ ဈေးတက်လာသလို ပြည်ပဈေးဖြစ်တဲ့ မတ်ပဲတစ်တန် FOB ဈေးကလည်း အမေရိကန်ဒေါ်လာ အရင်က ၇၀၅ မှ ၇၁၅ ရှိရာကနေ ယခုတစ်ပတ်မှာ ၇၄၅ မှ ၇၅၅ ဒေါ်လာအထိ မြင့်တက်လာပါတယ်။ လက်ရှိ ပြည်တွင်းဈေးကွက်မှာ မတ်ပဲ အဟောင်းက ဈေးနှုန်းမြင့်ပြီး မတ်ပဲ အသစ်ကတော့ ဈေးနိမ့်တယ်လို့ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင် ကုန်စည်ဒိုင်မှာ တနင်္လာနေ့က ၂,၇၆၄,၀၀၀၊ အင်္ဂါနေ့မှာ ၂,၇၅၂, ၀၀၀ ၊ ဗုဒ္ဓဟူးနေ့မှာ ၂,၇၃၇,၀၀၀ ကျပ် ၊ ကြာသပတေးနေ့မှာ ၂,၇၄၀,၀၀၀ ကျပ်နဲ့ သောကြာ နေ့မှာ ၂,၇၄၁,၀၀၀ ကျပ် ဈေးရှိခဲ့ပါတယ်။

အရင်အပတ်တုန်းက မတ်ပဲ FAQ တစ်တန်ကို ၂,၇၀၄,၀၀၀ မှ အမြင့်ဆုံး ၂,၇၂၀,၀၀၀

ကျပ် အထိရှိခဲ့ပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံနီကလည်း အခုတစ်ပတ်မှာ တစ်တန်ကို ၇၀,၀၀၀ ကျော် ဈေးတက်လာတာ တွေ့ရပါတယ် ။ ဈေးနှုန်းမြင့်တက်လာမှုနဲ့အတူအရောင်းအဝယ်လည်းသွက်နေတယ်လို့ သိရပါတယ်။

ပြည်တွင်း ပဲစင်းငုံနီဈေးတက်လာသလို ပြည်ပ FOB ဈေးကလည်း ပဲစင်းငုံနီ တစ်တန်ကို အရင်တစ်ပတ်က အမေရိကန်ဒေါ်လာ ၆၇၀ မှ ၆၈၀ ရှိရာကနေ အခုတစ်ပတ်မှာ ၇၀၀ မှ ၇၁၀ ဒေါ်လာ အထိ ရှိလာပါတယ်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာပဲစင်းငုံနီ(2026crop) ကတစ်တန်ကို တနင်္လာနေ့ကနေသောကြာနေ့ အတွင်း ၂,၇၆၂,၀၀၀ ကျပ်မှ၂,၈၂၀,၀၀၀ရှိခဲ့ပါတယ်။ ပဲစင်းငုံနီ(2025crop) တစ်တန်ကို ၂,၆၇၀,၀၀၀ကျပ်ဈေးရှိခဲ့ပါတယ် အရင်တစ်ပတ်မှာက တနင်္လာနေ့ကနေ သောကြာနေ့ အတွင်း ပဲစင်းငုံနီ ( 2025 crop) တစ်တန်ကို ၂၅၇၅၀၀၀ မှ ၂၅၉၅၀၀၀ ကျပ် ရှိခဲ့ ပါတယ်။

**နှမ်း**

ဒီတစ်ပတ်မှာ နှမ်းမျိုးစုံကလည်း ဈေးနှုန်း မြင့်တက်လာပါတယ်။ နှမ်းနက် စမုန်ကို တရုတ်က ဝယ်လိုအားကောင်းနေသလို ကျန်တဲ့ နှမ်းအမျိုးအစား တွေကိုလည်း ပြည်တွင်းမှာ ဝယ်လိုအား ရှိနေတာကြောင့် ဈေးတက်လာပါတယ်။ ပို့ကုန်ရငွေ ဖြေလျှော့မှုကြောင့် ဈေးကွက် အတက်ပြလာတာ ဖြစ်တယ်လို့ သိရပါတယ် ။

မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှာ နှမ်းနက်စမုန်ဈေးနှုန်းက ၄၅ ပိဿာတစ်အိတ်ကို ၆၉၀,၀၀၀ ကျပ်မှ ၇၃၅,၀၀၀ ကျပ်ရှိပြီး တစ်အိတ်ကို ၂၀,၀၀၀ မှ ၃၀,၀၀၀ ကျပ် တက်လာပါတယ်။ နှမ်းဖြူဂျပန်က ၂၉၅,၀၀၀ မှ ၃၀၅,၀၀၀ ကျပ်ရှိပြီး ၂၀,၅၀၀ ကျပ် တက်လာကာ နှမ်းညိုက ၂၇၅,၀၀၀ မှ၃၁၀,၀၀၀ ရှိပြီး၃၀,၀၀၀ ကျပ်လောက်တက်လာပါတယ်။ နှမ်းဖြူဗမာကလည်း ၂၈,၀၀၀၀ မှ ၂၉၅,၀၀၀ ဈေးတန်းရှိပြီး ၁၅,၀၀၀ ကျပ်တက်လာပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ လက်ရှိမှာ ပြည်ပတင်ပို့မှုလည်းရှိသလို ပြည်တွင်းဝယ်လိုအားလည်းရှိနေတာကြောင့် ဈေးကွက်မြင့်တက်လာနေတယ်လို့ သိရပါတယ် ။

ဈေးကွက်ထဲမှာ ကြက်သွန် အသစ်က ဈေးနှုန်းပိုမြင့်ပြီး ကြက်သွန် အဟောင်းကတော့ အဝယ်နည်းသွားပြီး ဈေးလည်း နိမ့်နေပါတယ်။ ကြက်သွန်အသစ် ဈေးကောင်းတဲ့အတွက် တောင်သူတွေကလည်း ပစ္စည်းအကုန်ထုတ်ရောင်းချမှုရှိနေတယ်လို့ သိရပါတယ် ။

ရန်ကုန်ဘုရင့်နောင် ကုန်စည်ဒိုင်မှာ ဆိပ်ဖြူကြက်သွန် အဟောင်းက ၉၀၀ မှ ၃၀၀၀ ကျပ် ဈေးဖွင့်ထားပါတယ် ။ ကြက်သွန်အသစ်တွေ ဖြစ်တဲ့ မြင်းခြံ ကြက်သွန်က ၁၉၀၀ ကျပ် မှ ၃၉၀၀ ကျပ် ၊ မုံရွာ အသစ်က ၃၂၀၀ မှ ၃၆၀၀ ကျပ် နဲ့ မြစ်သား ကြက်သွန်က ၂၆၀၀ မှ ၄၂၀၀ ကျပ်နဲ့ ဈေးဖွင့်ထားပါတယ်။

**မြေပဲ**

မြေပဲကလည်း အခုတစ်ပတ်မှာ ဈေးနှုန်း မြင့်တက်လာပါတယ်။ အမျိုးအစားနဲ့ အရည်အသွေးပေါ်လိုက်ပြီး ဈေးတန်းအကုန် မြင့်လာတာ ဖြစ်ပါတယ်။ S1 လုံးဆန်က ၂၅၀ မှ ၆၅၀ ကျပ်လောက်တက်လာပြီး S1 ဆီဆန်ကတော့ ၁၀၀ မှ ၃၅၀ ကျပ်လောက် တက်လာပါတယ်။ အနီလုံးဆံက တစ်ပိဿာကို ၂၅၀ ကျပ် တက်လာပြီး Mတွဲလုံးဆန်ကလည်း ၅၀၀ ကျပ်လောက် ဈေးတက်လာပါတယ်။

မန္တလေးကုန်စည်ဒိုင်မှာ S1လုံးဆန်တစ်ပိဿာကို ၈၈၀၀ မှ ၈၉၀၀ ၊ မြင်းမူ မြေပဲက ၉၅၀၀ ကျပ်ရှိပါတယ်။S1ဆီဆန်ကို ၈၅၀၀ မှ ၈၇၀၀ ကျပ် ဈေးတန်းဖွင့်ထားပြီး အနီလုံးဆန်ကတော့ ၈၅၀၀ ကျပ်မှ ၈၇၀၀ ကျပ်ရှိနဲ့ Mတွဲလုံးဆန်က ၉၀၀၀ မှ ၉၂၀၀ ကျပ်ရှိ လာပါတယ်။

Source : https://htwettoe.com/

## တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ကျွန်းပတ်ခရီးစဉ်နှင့် ကျွန်းပေါ်ရှိ အုန်းသီးနှင့်ဈေးနှုန်း



တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်သည် မြန်မာနိုင်ငံ၏ တောင်ဘက်စွန်းတွင် တည်ရှိပြီး အရွယ်အစားအမျိုးမျိုးရှိသော ကျွန်းပေါင်း ၈၀၀ ကျော်ခန့်ရှိရာ ပြည်ပခရီးသွားပြည်သူများနှင့် ပြည်တွင်းခရီးသွားလာသူများဖြင့် ထင်ရှားလျက်ရှိသည်။

ကျွန်းပေါင်း ၈၀၀ ကျော်မှ မြိတ်မြို့ အနီးအနားရှိ ကျွန်းများကိုသာ သွားရောက်ကြပြီး ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွဲပြားကြောင်း သိရသည်။

ကျွန်းပတ်ခရီးစဉ်အတွင်း စမတ်ကျွန်း၊ လေးကျွန်း(King Island)၊ နတ်သမီးကျွန်း စသည်များကို သွားလာလည်ပတ်မှုများပြားကြပြီးအမြန်ယာဉ်အငယ်(SpeedBoad)များဖြင့်သွားရောက်ကြသည်။ကျွန်းခရီးစဉ်ကို တစ်ဦးလျှင် ကျပ် ၂ သိန်းခန့် ကုန်ကျကြောင်း၊ အမြန်ယာဉ်အငယ် (Speed Boad) များငှားရမ်း၍ သွားလာပါက ကျပ် ၁၆ သိန်းခန့် ကုန်ကျနိုင်ကြောင်း တစ်စီးလုံးငှားများတွင်လေလံကျွန်းများဖြစ်သောကြောင့် ကျွန်းဝန်ဆောင်ခများပေးရကြောင်း တစ်ဦးလျှင် ကျွန်းဝန်ဆောင်ခ တစ်ကျွန်းလျှင် ၅၀၀၀ ကျပ်မှ ၁၅,၀၀၀ ကျပ်ခန့် အထိရှိကြောင်း သိရသည်။

ပင်လယ်ကျွန်းများသည် မြို့အနီးကျွန်းများနှင့် မတူညီဘဲ ပင်လယ်ရေကြည်လင်လျက်ရှိပြီး သဲသောင်ဖြူများဖြင့် တည်ရှိလျက်ရှိသည်။ ကျွန်းများတွင် စားသောက်နေထိုင်ရန်နေရာများ ထားရှိခြင်းဖြင့် ဝန်ဆောင်မှုပြုကြသလို ရေချိုရရှိနိုင်ရေး ဆောင်ရွက်ထားကြလေ့ရှိသည်။ကျွန်းပေါ်တွင် အုန်းပင်များစိုက်ပျိုးနိုင်ပြီး အုန်းသီးများကို ရောင်းချလျက်ရှိသည်။ မြို့များတွင် အုန်းသီးတစ်လုံး ၃၅၀၀ ကျပ်ခန့်ရှိပါက ကျွန်းပေါ်တွင် အုန်းသီးတစ်လုံး ၅၀၀၀ ကျပ်ခန့်ရှိကြောင်း ဝယ်ယူမှုသာ ခူးယူပေးကြောင်း သိရသည်။

မြိတ်ခရိုင်သည် ကျွန်းပေါင်းများစွာရှိသည့်အတွက် ခရီးသွားလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကြောင်းပြုနိုင်သော ဒေသဖြစ်ပြီးရေထွက်ကုန်၊ဒေသထွက်ကုန်များဖြင့်ကျော်ကြားသောဒေသဖြစ်ကြောင်းသိရသည်။

**Source : https://www.doca.gov.mm**

## ဈေးနှုန်းမြင့် ကြက်မဲ၊ ကြက်နဂါးများကို တစ်နိုင်တစ်ပိုင်မွေးမြူလာ




ဈေးနှုန်းမြင့် အင်ဒိုကြက်မဲ၊ ကြက်နဂါးများနှင့် တခြားယူနန်၊ အင်ဒိုနှင့်ယူနန်မျိုးစပ်ကြက်မဲ၊ ကူပိုင်လာကြက်မျိုးများကို တစ်နိုင်တစ်ပိုင်မွေးမြူသူပိုများလာပြီး မျိုးဥနှင့် မီးလွတ်အကောင်ပေါက်များ အရောင်းအဝယ်ပိုဖြစ်နေကြောင်း ကြက်မဲသားဖောက်ရောင်းဝယ်သူများနှင့် ဈေးမြင့်ရှားပါးကြက်မျိုးဥရောင်းဝယ်သူများထံက သိရပါတယ်။

အင်ဒိုကြက်မဲမှာ မျိုးသန့်မှုအဆင့်ပေါ် မူတည်ပြီး မျိုးဥတစ်လုံးလျှင် ကျပ် ၂ သောင်းခွဲ မှ ကျပ် ၅ သောင်းဝန်းကျင်၊ မီးလွတ်အကောင်ပေါက် ( ၁ လခွဲ မှ ၂ လသား)မှာ တစ်ကောင်လျှင် ကျပ် ၈ သောင်းဝန်းကျင်မှ ၁ သိန်းခွဲကျော် ထိရှိပြီး ကြက်နဂါးမှာလည်း မျိုးသန့်မှုပေါ်မူတည်ပြီး မျိုးဥတစ်လုံး ကျပ် ၁

သောင်းခွဲမှ ကျပ် ၂ သောင်းအထက်နှင့် မီးလွှတ်အကောင်ပေါက်တစ်ကောင် ကျပ် ၆ သောင်းဝန်းကျင်မှ ကျပ် ၁ သိန်းခွဲဝန်းကျင်ထိ ဈေးနှုန်းအစားစား ရှိပါတယ်။

ကြက်မဲနှင့် ကြက်နဂါးမျိုးများမှာ ဈေးကွက်အတည်မရှိဘဲ ကြိုက်ရောင်း၊ ကြိုက်ဝယ်ဈေးဖြတ်ပြီး ရောင်းဝယ် ကြသည့်အတွက် နေရာဒေသနှင့် ကြက်မျိုးသန့်မှုအဆင့်အလိုက် ဈေးနှုန်းကွာခြားမှုရှိနိုင်ကြောင်း မင်္ဂလာဒုံမြို့နယ်မှ ကြက်မဲမျိုးဥ၊ မီးလွှတ်အကောင်ပေါက် ရောင်းဝယ်ရေးလုပ်ကိုင်နေသူတစ်ဦးက ပြောပါတယ်။

"ဈေးကွက် အတည်မရှိဘူး။ ကြက်မျိုးသန့်တဲ့အပေါ် ဈေးခေါ်ရောင်းကြတာ။ ကျွန်တော်ဆိုရင် ထိုင်းကနေမှာပြီး ဖောက်ရောင်းတာ။ အင်ဒို ကြက်တစ်စုံ ဒီအရောက်မှာဝယ်တာ ၃၅ သိန်းကျော်ကျတယ်။ ကျွန်တော်က ပြန်မျိုးဖောက်ရောင်းတာပေါ့။ အမွေး၊ အရေပြား၊ နှုတ်သီး၊ လျှာ၊ အသား၊ အရိုးနဲ့ ကလီစာ မဲတဲ့အပေါ်၊ ကြက်သန့် တဲ့ အပေါ် မူတည်ပြီး ဈေးရတာပေါ့။ ကြက်နဂါးလည်းဒီလိုပဲ တစ်စုံကို ငွေဈေးပေါ်မူတည်ပြီး သိန်း ၃၀ ကျော် လောက်ကျတယ်။ မျိုးကြက်ပေါ့၊ အခု တစ်နိုင်တစ်ပိုင်တွေ အမှာများပါတယ်။ ဒီကောင်တွေကတော့ သေချာပြုစုမွေးရတဲ့ ဈေးကြီးအကောင်မျိုးပေါ့လေ။ ယူနန်နဲ့ ယူနန်၊ အင်ဒိုမျိုးစပ် ကြက်မဲကတော့ ပိုအမှာများတယ်၊ မျိုးဥရော၊ မီးလွှတ်အကောင်ရောပေါ့။ ဈေးကတော့ ကိုယ်ရောင်းတဲ့ မျိုးပေါ်မူတည်ပြီး ဈေးတောင်းကြတာ၊ တစ်ယောက်နဲ့တစ်ယောက် ဈေးမတူကြဘူး"လို့ ၎င်းက ပြောပါတယ်။

ယူနန်ကြက်မဲ (မျိုးသန့်) မျိုးဥမှာ တစ်လုံး ကျပ် ၃ ထောင်၊ မီးလွှတ်အကောင်ပေါက်တစ်ကောင် ကျပ် ၁ သောင်းခွဲ ဝန်းကျင်၊အင်ဒိုနှင့်ယူနန်မျိုးစပ်ကြက်မဲ မျိုးဥတစ်လုံး ၂,၅၀၀ ကျပ်အထက်၊ အကောင်ပေါက်တစ်ကောင် ကျပ် ၃ သောင်းမှ ၄ သောင်းဝန်းကျင်ထိဈေးရှိကြောင်း သိရပါတယ်။

ကူဝိုင်လာကြက်ကြီးမျိုးမှာ ဥတစ်လုံး ကျပ် ၃ထောင်၊ မီးလွှတ်အကောင်ပေါက်တစ်ကောင် ၁ သောင်းကျော်နှင့် ကူဝိုင်လာ ၇ လသားမျိုးကြက်တစ်စုံ ကျပ်တစ်သိန်းခွဲ ဝန်းကျင် စသဖြင့် ဈေးအမျိုးမျိုးရှိနေကြောင်းသိရပါတယ်။

https://opinionleadersmedia.com/

## ဒေသထွက် ကုန်စည်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ရောင်းဝယ်နိုင်မည့် Digital Platform တစ်ခုဖော်ဆောင်ရန် ပုဂ္ဂလိက လုပ်ငန်းရှင်များ စီစဉ်နေ



ဒေသထွက်ကုန်စည်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရောင်းဝယ်နိုင်မည့် Digital Platform တစ်ခု ဖော်ဆောင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များ စီစဉ်နေကြောင်း အောင်ပန်းကုန်စည် ရောင်းဝယ်ရေးမှတာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိတွင် အဆိုပါ Platform ပေါ်ဆောင်ရန်အတွက် ကနဦး ဆောင်ရွက်နေပြီး ယင်း Platform က ကြားခံအနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၎င်းကဆိုသည်။

"အခုကစပြီး တည်ထောင်နေဆဲကာလခေါ်တာပေါ့။ ဘယ်လိုလုပ်မှာလဲဆိုတော့ ရိုးရှင်းပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးမှာ မြို့တိုင်း ရွာတိုင်းမှာ ကျွန်တော်တို့နဲ့ ချိတ်ဆက်ထားတဲ့ ရွာသူရွာသားတွေ ပြည်နယ်သူပြည်နယ်သားတွေရှိမယ်။ ပြီးရင် ကျွန်တော်တို့ကုန်ကိုလည်း သူတို့ကိုပို့မယ်။ သူတို့ကုန်ကိုလည်းကျွန်တော်တို့ကို ဖြန့်မယ်ဆိုတာမျိုးပေါ့။ ပြီးတော့ ငွေရေးကြေးရေး တစ်ယောက်နဲ့တစ်ယောက် မြင်စရာမလိုဘဲနဲ့ အရောင်းအဝယ်လုပ်လို့ရအောင် လုပ်တဲ့နည်းကျွန်တော်တို့ လုပ်ထားတာရှိတယ်။ ဥပမာ ဒီ Group၊ ဒီ Platformထဲမှာ ဝင်ထားတယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက်ဝယ်ရောင်းလုပ်ကြမယ်"ဟု အောင်ပန်းကုန်စည်ရောင်းဝယ်ရေးမှ တာဝန်ရှိသူတစ်ဦးက

ပြောသည်။

အဆိုပါလုပ်ငန်းသည် ဒေသတွင်းကုန်စည်များကို အခြေခံထားသည့်လုပ်ငန်းဖြစ်သည့်အတွက် မြို့နယ်နှင့် ကျေးလက်ဒေသများတွင်လည်းအရောင်းအဝယ်စင်တာများတည်ဆောက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်းငင်းကဆိုသည်။

“တစ်ပြည်လုံးအတိုင်းအတာနဲ့သွားနေမှာ ။ နောက်ပိုင်းကျရင် ပုံမှန်ဆိုရင် ဝယ်လိုက်ပြီဆိုရင် ဒီပစ္စည်းက ရောင်းချတဲ့လူက ကျွန်တော်တို့ရဲ့ အနီးဆုံး Center မှာလာပို့ပေးရမှာ။အဲဒီကမှ လက်ခံတဲ့လူဆီကို ကျွန်တော်တို့က သွားပို့ပေးမှာ။ သယ်ယူပို့ဆောင်ရေးပါ တာဝန်ယူပေးမှာ။လက်ရှိမှာနယ်မြေအနေအထားအရတစ်နိုင်ငံလုံးအတိုင်းအတာနဲ့ တည်ဆောက်လို့ မရသေးဘူး လိုအပ်တဲ့ ငွေအရင်းအနှီးပမာဏကလည်း Limit ရှိသေးတယ်။ အခုက လုပ်လို့ရတဲ့ Digital အခြေခံအဆောက်အအုံကို အရင် တည်ဆောက်ထားတာ”ဟုငင်းကပြောသည်။

ထို့နောက် အဆင့်ဆင့်မြင့်တင်ဆောင်ရွက်ပြီးပါက ၂၀၃၀ ပြည့်နှစ်တွင် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာ အထိ ဖြန့်ကျက်နိုင်မည်ဖြစ်ပြီး ၂၀၃၅ ခုနှစ်တွင် အချိန်တိုအတွင်း ရောင်းသူ၊ဝယ်သူများထံ ပစ္စည်းအရောက်ပို့ နိုင်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းငင်းကဆိုသည်။

“ကျွန်တော်တို့ ရည်မှန်းချက်က ၂၀၃၀ မှာ တစ်ပြည်လုံးအတိုင်းအတာနဲ့ ဖြန့်ကျက်နေပြီးသားဖြစ်နေရမယ်ပေါ့။ ပြီးတော့ ၂၀၃၅ ဆိုရင် မြန်မာပြည်အတွင်း မည်သည့်နေရာက မှာမှာ၊ မှာပြီး ၇၂ နာရီအတွင်း အရောက်ပို့နိုင်ရမဲ့ ဝန်ဆောင်မှုကိုလုပ်မယ်။ အဲဒီလိုနည်းလမ်းတွေနဲ့ပေါ့ဗျာ။ အရာအားလုံးကတော့ အိပ်မက်သေးသေးလေး ကစရတာပဲ။ လူတွေက ဖြစ်နိုင်ပါ့မလား။ လိမ်နေတာလားပေါ့တွေးကြတာပဲ။ ရုပ်လုံးပေါ် လာပြီဆိုရင် သူတို့က မြင်သွားလိမ့်မယ်” ဟု ငင်းက ပြောသည်။

Source : https://www.npnewsmm.com/

## မအူပင်မြို့နယ် လေးအိမ်စုတွင် ငှက်ပျောဖီးကြမ်း စိုက်ပျိုးအောင်မြင်ထွက်ရှိလျက်ရှိ



ဧရာဝတီတိုင်းဒေသကြီး ၊ မအူပင်မြို့နယ်အတွင်းရှိ လေးအိမ်စုကျေးရွာတွင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားရှိသော ငှက်ပျောဖီးကြမ်း ပင်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ စိုက်ပျိုးလုပ်ကိုင်သည့် တောင်သူများ အကျိုးအမြတ် ရရှိကြောင်း သိရသည်။

လေးအိမ်စုကျေးရွာ၌ ဖီးကြမ်းငှက်ပျောပင်များကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပြီး သုည ဒသမ ၅၀ ဧက စိုက်ပျိုးထားရှိကြောင်း၊ ကျေးရွာနေ တောင်သူများမှာ မိမိတို့နေထိုင်ရာ အိမ်နောက်ဘက်တွင် တစ်နိုင်တစ်ပိုင်အဖြစ် ဖီးကြမ်းငှက်ပျောများ စိုက်ပျိုးကြကြောင်း၊ ကားလမ်းမဘေးတွင် လယ်မြေများရှိ၍ လယ်မြေပေါ်တွင် အိမ်များဆောက်ပြီးနေထိုင်ကြသဖြင့် အိမ်နှင့် လယ်မြေအလွတ်များတွင် ဖီးကြမ်းပင်များကို စိုက်ပျိုးထား ကြောင်း တွေ့ရသည်။

စိုက်ပျိုးရာတွင် ၂၀၂၅ခုနှစ် ဧပြီလက စတင်စိုက်ပျိုးပြီး ငှက်ပျောပင်တစ်ပင်နှင့် တစ်ပင်အကြား ငါးပေခြား စိုက်ပျိုးကြကြောင်း၊ ငှက်ပျောပင်များ အသီး၊ အခိုင်များ ကြီးထွားရင့်မှည့်မှုလွယ်ကူစေရန် ဓာတ်မြေသြဇာအသုံးပြုပေးရကာ စိုက်ပျိုးပြီး ရှစ်လခန့်အကြာတွင် အသီးများစတင်ခုတ်ယူနိုင်ကြောင်းသိရသည်။

စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် သုည ဒသမ ၅၀ ဧက ပေါ်တွင် ၁၂ သိန်းခန့်ကုန်ကျကြောင်း၊ မျိုးတစ်ပင်လျှင် ၄၀၀၀ ကျပ်ဖြင့် ဝယ်ယူရပြီး ငှက်ပျောအပင်ပေါင်း ၁၀၀ ခန့် စတင်စိုက်ပျိုးခဲ့ကြောင်း၊ ငှက်ပျောခိုင်အနေဖြင့် လက်ရှိ အခိုင်ပေါင်း ၄၀ ကျော်ခန့်ထွက်ရှိနေကြောင်းသိရသည်။

ဈေးနှုန်းအနေဖြင့် ငှက်ပျော ၁ ခိုင်လျှင်၁၂ ဖီးထွက်ရှိ၍ လက်ကားဈေး ၁ခိုင် ငွေကျပ် ၃၀,၀၀၀ကျပ်ရရှိကြောင်း၊ တစ်ဖီးလျှင် ၂၅၀၀ကျပ်ဈေးရကြောင်း သိရသည်။

ငှက်ပျောပင်များမှာ အသီးအမှည့်စားသုံးနိုင်သည့်အပြင် ငှက်ပျောအူကို မုန့်ဟင်းခါးချက်ပြုတ်ရာတွင်လည်း အသုံးပြုကြသဖြင့် ငှက်ပျောခုတ်ယူရာတွင် မုန့်ဆိုင်များကို ရောင်းချရန်အတွက်လည်း ပေးပို့ရောင်းချရကြောင်း ငှက်ပျောစိုက်ပျိုးသူထံက သိရသည်။

**Source : DOCA(ရေဝတီ)**

## ဒူဘိုင်းကမ်းခြေ ပြန်လည်တည်ဆောက်ရေးစီမံကိန်း ပြီးစီးတော့မည်ဖြစ်

ဒူဘိုင်းပြည်နယ်၏ အိမ်ရှေ့မင်းသားဖြစ်သူ H.H. Sheikh Hamdan bin Mohammed bin Rashid Al Maktoum မှ Jumeirah ကမ်းခြေ ၁ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၏ နောက်ဆုံးတိုးတက်မှုအပေါ် ပြန်လည်သုံးသပ်ရန်အတွက် ဒူဘိုင်းကမ်းနားဒေသရှိ အပန်းဖြေစခန်းတစ်ခုကို ဖွင့်လှစ်ရန် ပြင်ဆင်ထားရှိမှုအခြေအနေအား ကွင်းဆင်းလေ့လာရေးခရီးစဉ်တစ်ရပ်ကို သွားရောက်ခဲ့သည်။

ဒူဘိုင်းစည်ပင်သာယာရေးအဖွဲ့မှ ဦးဆောင်သော ဤအစီအစဉ်သည် အများပြည်သူကမ်းခြေနေရာများရှိ အခြေခံအဆောက်အအုံများကို မြှင့်တင်ရန်နှင့် ဒေသခံများနှင့် လာရောက်လည်ပတ်ကြသူများအတွက် ကမ်းရိုးတန်းဒေသခရီးစဉ် အတွေ့အကြုံများကို မြှင့်တင်ရန်ရည်ရွယ်ထားခြင်းဖြစ်သည်။

H.H. Sheikh Ahmed bin Saeed Al Maktoum နှင့် Omar Sultan Al Olama၊ Abdulla Mohammed Al Basti နှင့် Mattar Al Tayer တို့ပါဝင်သည့် အကြီးတန်းအရာရှိများနှင့်အတူ Sheikh Hamdan မှ ဒူဘိုင်းစည်ပင်သာယာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Marwan Ahmed bin Ghalita ၏ အသေးစိတ်ရှင်းလင်းတင်ပြချက်များအား လက်ခံခဲ့သည်။ အဆိုပါစီမံကိန်းလုပ်ငန်းများမှာ ၉၅ ရာခိုင်နှုန်း ပြီးစီးမှုနှုန်းသို့ ရောက်ရှိနေပြီဖြစ်သည်။

Jumeirah ကမ်းရိုးတန်းတစ်လျှောက်ရှိ မီတာ ၁၄၀၀ ရှည်လျားသော အဆိုပါပြန်လည်တည်ဆောက်ရေးစီမံကိန်းသည် ပုံစံ၊ အဆောက်အအုံများနှင့် ဝန်ဆောင်မှုများတို့ဖြင့် ပြည့်စုံစွာ အဆင့်မြှင့်တင်ကိုယ်စားပြုဖော်ပြထားကာ လာမည့်ဖေဖော်ဝါရီလဆန်းတွင် အဆိုပါကမ်းခြေကို အများပြည်သူတို့အား တရားဝင်ပြန်လည်ဖွင့်လှစ်နိုင်ရန် စီစဉ်ထားသည်။ ၎င်းတွင် ခေတ်မီ အပန်းဖြေဇုန်နှင့် အားကစားဇုန်များ၊ မိသားစုနှင့်သင့်တော်သော အဆောက်အအုံများနှင့် တက်ကြွသော လူနေမှု ပုံစံများတို့ဖြင့် အဆင့်မြှင့်တင်ထားရှိကာ လမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်းနှင့် ဂျော့ဂင်လမ်းကြောင်းများ စသည်တို့လည်း ပါဝင်မည်ဖြစ်သည်။

Sheikh Hamdan က ဒူဘိုင်းသည် ရေရှည်တည်တံ့သော၊ လူထုဗဟိုပြုမြို့ပြစီမံကိန်းရေးဆွဲခြင်းများတွင် စံနှုန်းသစ်များကို ဆက်လက်ချမှတ်လျက်ရှိကြောင်း အလေးပေးပြောကြားခဲ့သည်။ အများပြည်သူသုံးကမ်းခြေများသည် အာရပ်စော်ဘွားများပြည်ထောင်စု၏သွင်ပြင်လက္ခဏာတွင် မရှိမဖြစ်အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်မှုသည် လူနေမှုဘဝအရည်အသွေးများအား မြှင့်တင်သွားမည့် ဦးဆောင်မှု၏ ကတိကဝတ်ကိုထင်ဟပ်စေကြောင်း ၎င်းက ထောက်ပြခဲ့သည်။

ဤစီမံကိန်းသည် ဒူဘိုင်းဘဝအရည်အသွေးမဟာဗျူဟာ ၂၀၃၃ နှင့် ဒူဘိုင်းမြို့ပြမဟာစီမံကိန်း ၂၀၄၀ တို့နှင့်ကိုက်ညီမှုရှိပြီး အသုံးပြုရလွယ်ကူသည့် အများပြည်သူပိုင်နေရာများနှင့် ထိရောက်မှုရှိသော ရွေ့လျားမှုကွန်ရက်များတွင် ဦးစားပေးဆောင်ရွက်ထားခြင်း ဖြစ်သည်။

အဆင့်မြှင့်တင်မှုများတွင် အိမ်သာများ၊ ရေချိုးခန်းများ၊ အဝတ်လဲခန်းများ၊ လျှပ်စစ်ကားအားသွင်းစခန်းများပါရှိသည့် ကားပါကင်နေရာများနှင့် ကမ်းခြေအဆင့်အတန်းကို မြှင့်တင်ခြင်းနှင့် သန့်ရှင်းသော သဲ ၂၅၀, ၀၀၀ ကုဗမီတာတို့ဖြင့် ပြန်လည်ဖြည့်တင်းခြင်းကဲ့သို့သော ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသည့် အစီအမံများတို့ ပါဝင်သည်။

ကြိုးမဲ့အင်တာနက်၊ စမတ်သော့ခတ်စနစ်များနှင့် AI နည်းပညာသုံးကယ်ဆယ်ရေးနှင့် စောင့်ကြည့်ရေးစနစ်များပါဝင်သည့် အဆင့်မြင့်နည်းပညာများဖြင့်လည်း ပေါင်းစပ်ထားသည်။ ဒူဘိုင်းစည်ပင်သာယာရေးအဖွဲ့က ဤစီမံကိန်းသည် အာရပ်စော်ဘွား များပြည်ထောင်စုတစ်ဝှမ်းရှိ ကမ်းခြေများကို အဆင့်မြင့်တင်ရန်နှင့် ဦးဆောင်ကမ်းခြေမြို့တစ်မြို့အဖြစ် ဒူဘိုင်း၏ကမ္ဘာလုံးဆိုင် ရာဆွဲဆောင်မှုကို အားကောင်းစေမည့် ပိုမိုကျယ်ပြန့်သောအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း အတည်ပြုပြောကြား ခဲ့သည်ကို သတင်းဖော်ပြထားသည်။

News Source: Emirates News Agency

(နန္ဒာစိုးမြင့်၊ စီးပွားရေးသံမှူး၊ အဘူဒါဘီမြို့)

## ဘဏ္ဍာရေးနှစ် ပထမ ၅ လအတွင်း ပါကစ္စတန်၏ ကားရောင်းအား ၄၃ ရာခိုင်နှုန်း မြင့်တက်



ပါကစ္စတန်နိုင်ငံ၏ ခရီးသည်တင်ကားရောင်းအားသည် လက်ရှိ ဘဏ္ဍာရေးနှစ်၏ ပထမငါးလအတွင်း တိုးတက်မှုအားကောင်းခဲ့ပြီး စီးပွားရေးစိတ်ဓာတ်တိုးတက်လာခြင်း၊ မော်ဒယ်အသစ်များ မိတ်ဆက်ခြင်းနှင့် ပိုမိုကောင်းမွန်သော ငွေကြေးထောက်ပံ့မှု အခြေအနေများကြောင့်ဖြစ်ကြောင်း စက်မှုလုပ်ငန်းဒေတာများက ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ပြသခဲ့သည်။

ပါကစ္စတန် မော်တော်ကား ထုတ်လုပ်သူများအသင်း၏ အဆိုအရ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေး နှစ်တွင် ဇူလိုင်လမှ နိုဝင်ဘာလ အထိ ကားရောင်းအားသည် ယခင်နှစ်ကာလတူတွင် ၃၈,၅၉၇ ယူနစ်ရှိခဲ့ပြီး ယခင်နှစ်ကာလတူတွင် ၄၃ ရာခိုင်နှုန်း မြင့်တက် လာကာ ၅၅,၂၃၉ ယူနစ် ရှိခဲ့သည်။ နိုဝင်ဘာလတစ်လတည်းတွင် ကားရောင်းအား မှာ ၁၂,၄၀၈ စီးအထိ ရောက်ရှိခဲ့ပြီး ယမန်နှစ် အလားတူလနှင့် နှိုင်းယှဉ်ပါက ၅၀ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့သော်လည်း လစဉ် ၈ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။

ပထမငါးလအတွင်း ဂျစ်ကားနှင့် ပစ်ကပ်ကားများ ရောင်းအားသည် ၆၂ ရာခိုင်နှုန်း မြင့်တက်ပြီး ယူနစ် ၁၉,၈၀၃ ရှိပြီး ထရပ်ကား ရောင်းအားမှာ ၁၀၁ ရာခိုင်နှုန်း မြင့်တက်ကာ ယူနစ် ၂၇၅၃ ရှိပြီး ဘတ်စ်ကားရောင်းအားမှာ ၇၂ ရာခိုင် နှုန်းမြင့်တက် ကာ ယူနစ် ၄၀၇ ရှိသည်။ မော်တော်ဆိုင်ကယ်နှင့် ရစ်ရှောများလည်း ၃၂ ရာခိုင်နှုန်း တိုးတက်မှုရှိပြီး ယူနစ် ၇၆၂,၇၇၈ ရှိသည်။

သို့သော်လည်း လယ်သမားများထံမှ ဝယ်လိုအား နည်းပါးလာခြင်းကြောင့် ထွန်စက်ရောင်းအား ဆက်လက်ကျဆင်းနေပြီး ရာသီဥတုဆိုင်ရာ စိန်ခေါ်မှုများနှင့် ဆက်စပ်၍ စိုက်ပျိုးရေးထွက်ကုန် လျော့ကျမှုနှင့် ရင်ဆိုင်နေရကြောင်း စက်မှုလုပ်ငန်း ကျွမ်း ကျင်သူများက ပြောကြားသည်။

**Source : DOCA(ရန်ကုန်)**

# STOCK EXCHANGE (12.1.2026)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 5th Jan. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,369 (Shares) | 13,016,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +100 | +1.18% | 8,600 | 8,600 | 8,600 | 16 | 137,600 | 33,109,696 | 284,743 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,650 | 1,118 | 4,081,550 | 38,929,152 | 144,038 |
| MCB | 00003 | 7,800 | -100 | -1.27% | 7,900 | 7,900 | 7,800 | 79 | 621,700 | 10,400,988 | 81,128 |
| FPB | 00004 | 2,450 | -50 | -2.00% | 2,500 | 2,500 | 2,450 | 1,034 | 2,534,000 | 29,664,615 | 72,678 |
| TMH | 00005 | 3,550 | +250 | +7.58% | 3,600 | 3,600 | 3,000 | 35 | 124,050 | 12,823,226 | 45,523 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 2,871 | 4,604,950 | 19,977,223 | 32,962 |
| AMATA | 00007 | 4,900 | -100 | -2.00% | 4,400 | 4,900 | 4,400 | 167 | 755,500 | 10,497,598 | 51,438 |
| MAEX | 00008 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 49 | 156,850 | 23,804,946 | 77,366 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 5th Jan. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 418.77 | +2.19 | +0.53% | 414.75 | 418.77 | 409.64 | 5,369 | 13,016,200 | 8 | 789,876 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 10:30 am, 6th Jan. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,602 (Shares) | 6,446,350 (MMK) |

| MYANPIX | 419.63 ▲ 0.86 |
|---|---|
| Total Volume (shares) | 1,602 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 791,501 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 2,500 | ▲ 50 |
| TMH | 00005 | 3,550 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 100 |
| MAEX | 00008 | 3,300 | ▲ 50 |